22140519

International Baccalaureate®
Baccalauréat International
Bachillerato Internacional

**BURMESE A: LITERATURE – STANDARD LEVEL – PAPER 1**
**BIRMAN A : LITTÉRATURE – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A: LITERATURA – NIVEL MEDIO – PRUEBA 1**

Friday 9 May 2014 (morning)
Vendredi 9 mai 2014 (matin)
Viernes 9 de mayo de 2014 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a guided literary analysis on one passage only. In your answer you must address both of the guiding questions provided.
- The maximum mark for this examination paper is *[20 marks]*.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N’ouvrez pas cette épreuve avant d’y être autorisé(e).
- Rédigez une analyse littéraire dirigée d’un seul des passages. Les deux questions d’orientation fournies doivent être traitées dans votre réponse.
- Le nombre maximum de points pour cette épreuve d’examen est *[20 points]*.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un análisis literario guiado sobre un solo pasaje. Debe abordar las dos preguntas de orientación en su respuesta.
- La puntuación máxima para esta prueba de examen es *[20 puntos]*.


© International Baccalaureate Organization 2014

https://xtremepape.rs/

*လမ်းညွှန်ပေးထားသည့်မေးခွန်းများအပေါ် အခြေခံပြီး အောက်ပါတို့အနက်မှ **တစ်ခု**အပေါ် စာပေသုံးသပ်ချက် ရေးပါ။ သင့်အဖြေမှာ ပေးထားသည့်လမ်းညွှန်မေးခွန်းနှစ်ခုစလုံးကို ထည့်သွင်းဖြေဆိုထားရပါမည်။*

**1.**

အခန်းပတ်လည်တွင် အဖြူရောင်နံရံကြီးသာရှိသည်။

အဖြူရောင်နံရံကြီးက လေးဘက်လေးတန်တွင် ရပ်တည်နေသည်။

နံရံပေါ်တွင် ဘာဆိုဘာမှမရှိ။ ပန်းချီကားလေးတစ်ချပ် ချိတ်ထားတာမရှိ။ ဓာတ်ပုံလေးတစ်ပုံ ချိတ်ထားတာမရှိ။ အောက်ထစ်ဆုံး လူအတော်များများက အထူးသဖြင့် မိမိကိုယ်မိမိ ခေတ်မီသည်ဟု ယူဆထားသော်လည်း တကယ်ခေတ်မမီသော လူများက အထင်သေးသည့် အခုတလော ရန်ကုန်မြို့လမ်းဘေးတွင် ရောင်းသော ဆုံးမစာ စာရွက်ကလေးတစ်ရွက်တလေ ကပ်ထားတာပင် မရှိ။ လေးဘက်လေးတန်တွင် အဖြူရောင်နံရံအတိသာ ပြီးသည်မို့ ငြီးငွေ့စရာ ကောင်းလှသည်။ ငြီးငွေ့စရာကောင်းသော အဖြူရောင်။ ဖျားနာနေသော အဖြူရောင်က ထိုအခန်းကို သိမ်းပိုက်ထားသည်ဟု ဆိုနိုင်သည်။

မျက်နှာကြက်တွင် ထွန်းထားသော မီးချောင်းက မတရားရှည်လွန်းသည်။ မတရားလင်းလွန်းသည်။ မတရား လင်းလွန်းခြင်းသည် အကျည်းတန်ခြင်းတစ်မျိုးပင်ဖြစ်သည်။ ပေ ၄၀ ပတ်လည်ကျယ်သောအခန်းတွင် ပေ ၄၀ နီးပါးရှိသော မီးချောင်းက မျက်နှာကြက်တွင် နေရာယူထားသည်။ အခန်းထဲသို့ ရောက်လာသူတစ်ယောက်သည် ခံနိုင်ရည်မရှိဘူးဆိုပါက အကျင့်မရှိဘဲ နေလုံးကိုကြည့်သည့်သူပမာ ချက်ချင်းမျက်လုံးကန်းသွားနိုင်သည်။

အခန်းတွင်းသို့ရောက်ရောက်လာချင်း ထုပိန်းသောအလင်းရောင်နှင့် လေးဘက်လေးတန်နံရံဖြူဖြူများက ကျွန်တော့်ကို ပူးပေါင်းနှိပ်စက်၏။ ကျွန်တော့်အချစ်ဆုံးမယားက အခန်းအလယ်တည့်တည့်ရှိ ကြေးခုတင်အိုအဟောင်းကြီးတစ်လုံးပေါ်တွင် သေငယ်ဇောနှင့် မြောလျက်လူ့ဘဝကို နောက်ဆုံးနှုတ်ဆက်နေပြီကော။ ကျွန်မဟာ လူ့ဘဝမှာ အသက်ရှင်စဉ်အခိုက် ကမ္ဘာကျော် အမြင့်ဆုံးအမျိုးအစား စံဝင်ရှားပါး အနုပညာရှင်တစ်ယောက်ကို ချစ်ခဲ့မိပါတယ်။ မရိုပါနဲ့ အချစ်ရယ်။ နောင်တများနဲ့ အာရုံကြောများ လောင်ကျွမ်းပြီးကာမှ ပြန်ရောက်လာတဲ့သူပါ။ နောင်တနဲ့အချစ် ပေါင်းပြီး ကြွေးဟောင်းဆပ်မယ့်လူ အချိန်နှောင်းပြီး ရောက်လာသည်။ ရယ်ပြီး မျက်ရည်ကျလောက်အောင် အခံရဆိုးသည်။

ပုံမှန်အားဖြင့် လူတစ်ယောက် ခုတင်ပေါ်တွင်အိပ်လျက် ခြေဖျားမှနေ လည်ပင်းရောက်အောင် စောင်ခြုံထားမည်ဆိုလျှင် သိသာလွန်းပါသည်။ အထူးသဖြင့် အမျိုးသမီးဖြစ်ပါက ပိုသိသာပါသည်။ ရင်သားရှိသောနေရာတွင် တခြားနေရာများထက် အတော်အသင့်မို့မောက်နေမည်။ ခုတင်ပေါ်တွင် အမျိုးသမီးတစ်ယောက် လည်ပင်းကနေ ခြေဖျားအထိ စောင်ခြုံပြီး အိပ်နေသောမြင်ကွင်းသည် ခုတင်ပေါ်တွင် လူမရှိဘဲ စောင်တစ်ထည်ဖြန့်ခင်းထားသော မြင်ကွင်းနှင့် ဘယ်လိုနည်းနဲ့မှ မတူနိုင်။ စောင်ခြုံထားသော်လည်း ဝမ်းဗိုက်နေရာတွင် အမြင်အာရုံတစ်မျိုးရှိမည်။ ခြေဖျားလေးများနေရာတွင် အမြင်အာရုံတစ်မျိုးရှိမည်။ ခုတော့ သည်လိုမဟုတ်။ ခုတင်ပေါ်တွင် အနက်ရောင် ကတ္တီပါစောင်ထူထူကြီးတစ်ထည် ဖြန့်ခင်းထားတာကို တွေ့ရသည်။ ကြေးခုတင်အို၏ ခေါင်းရင်းဘက်အလယ်လောက်ဆီတွင် ခေါင်းအုံးနိမ့်နိမ့်တစ်လုံး တွေ့ရသည်။ ခေါင်းအုံးပေါ်တွင် ကျွန်တော်အချစ်ဆုံးမယား၏ ဦးခေါင်းကို တွေ့ရသည်။

ကျွန်တော်အချစ်ဆုံးမယားသည် ကြေးခုတင်အိုကြီးပေါ်တွင် သေငယ်ဇောနှင့် မြောလျက်ရှိပါသည်။ ကျွန်တော်မြင်နေရသည်မှာ ကြေးခုတင်အိုကြီးပေါ်တွင် ကတ္တီပါစောင်အနက်ကြီးတစ်ထည်ကို ဖြန့်ခင်းထားသည်။ ခေါင်းအုံး တစ်လုံးရှိသည်။ ခေါင်းအုံးပေါ်တွင် အချစ်ဆုံးမယား၏ ဦးခေါင်းရှိသည်။ ကျွန်တော့်မယား၏ ကိုယ်ခန္ဓာသည် အလွန်တရာ ကြုံလှီ အလွန်တရာ ပိန်ကပ်နေသောကြောင့် ယခုလို မြင်နေရခြင်းဖြစ်သည်။ ကျွန်တော်အချစ်ဆုံးမယား၏ ကိုယ်ခန္ဓာတွင် ရှိသော အသားအရေများ ပြည့်ဖြိုးခြင်းများ၊ အမို့အမောက်များ ဘယ်ရောက်ကုန်ပြီလဲ။

ကြိုးတစ်ချောင်းကို အရည်ကုန်သွားအောင် ဒလိမ့်တုံးနှစ်ခုကြားတွင် ညှပ်ပြီး ညှစ်တာကို ကျွန်တော် အခါခါတွေ့ဖူးသည်။ ကျွန်တော်အချစ်ဆုံးမယား၏အဖြစ်သည် နောက်ထပ်အရည်လုံးဝ မထွက်နိုင်သော ကြံကြိတ်ဖတ်များနှင့် တူနေ၏။ ရောဂါဝေဒနာများ၊ ကျွန်တော်၏ တစ်ကိုယ်ကောင်းဆန်မှုများ၊ အတ္တကြီးမားမှုများ၊ မျက်ကန်းအနုပညာသည် စိတ်ဓာတ်များ၊ အကုသိုလ်များက သူမ၏အလှဘဝနှင့် ကိုယ်ခန္ဓာကို ငရဲမီးလောင်းချခဲ့သည်။ မိမိ၏လက်ချက်ကြောင့် တစ်ဦးတစ်ယောက် အသက်ထွက်လောက်အောင် သေငယ်ဇောနှင့် မြောနေသောအချိန်ကို ရောက်ခါမှ ဖြစ်ထွန်းလာသောနောင်တသည် အကျိုးရှိပါရဲ့လား။

ကျွန်တော်သည် ခြေထောက်ကို အဖော့နိုင်ဆုံးဖော့နင်းလျက် ကြေးခုတင်အိုကြီးနားသို့ ကပ်လာခဲ့သည်။ ခြေသံနည်းနည်းပြင်းသွားလျှင် ကျွန်တော့အချစ်ဆုံးမယားသည် လူ့လောကထဲမှ စက္ကန့် ၃၀ လောက် ဒါမှမဟုတ် စက္ကန့် ၄၀ လောက် စောပြီး ထွက်ခွာသွားနိုင်သည်။ အခုအချိန်မှာ တစ်မိနစ်မပြည့်တတ်သော စက္ကန့်လေးကိုပင် အရေးထားနေရသည်။ နှစ်များစွာကြာအောင် တစ်ခါသုံးပြီး နောက်ထပ်မသုံးသော လက်ကိုင်ပဝါတစ်ထည်ပမာ ချောင်ထိုးထားခဲ့မိသော ကျွန်တော့် အချစ်ဆုံးမယား။ ခုတော့ အကြောင်းမထူးသော နောင်တဖြင့် ကျွန်တော်ဂရုစိုက်နေသည်။

အလွန်တရာ ဝမ်းနည်းကြေကွဲစရာကောင်းသော စိတ်ခံစားမှုကြီးတစ်ရပ်ကို တယောသံသက်သက်ဖြင့် တယောတစ်လက်တည်းဖြင့် သရုပ်ဖော်ထိုးပြနေသည်ကို နားထောင်နေရသလို ကျွန်တော့်စိတ်ထဲတွင် ကြားယောင်ခံစားလာရသည်။ ကြေးခုတင်အိုကြီးနှင့် တဖြည်းဖြည်းနီးလာခဲ့သည်။ တယောသံသည် အမြင့်ဆုံးသို့ရောက်အောင် ပင့်ထောင်၍တက်သွားသည်။ အချစ်ဆုံး၏အနား ခုတင်ဘေးတွင် ကျွန်တော်ရပ်နေ၏။



https://xtremepape.rs/

“အလိုမရှိ . . . အလိုမရှိ။”

“လင့်ဝတ္တရားမကျေပွန်တဲ့လူ အလိုမရှိ။”

“ကျွန်မတို့မိသားစုထဲကို ကျွန်မတို့ နားမလည်တဲ့စကားတွေပြောပြီး ဝင်လာတဲ့ အနုပညာရှင်ကြီး ကျွန်မသမီးကို သတ်ပါတော့မယ်ရှင့်။”

အခန်းအပြင်ဘက်မှ အသံတို့သည် အခန်းထဲသို့သာမက ကျွန်တော့ရင်ထဲသို့ပင် ကြီးစွာသောဒုက္ခကို ပေးလျက် ပြေးဝင်လာကြသည်။ တယောသံနှင့် အခန်းအပြင်ဘက်မှအသံတို့သည် ရောထွေးအားပြိုင်လျက်ရှိကြ၏။ အခန်းထဲတွင် မီးရောင်လင်းနေလွန်း၍ အကျည်းတန်သည်။

မောင်ရန်ပိုင်၊ *လူမိုက်ကြီး*၊ (၁၉၈၁)

(က)	ဤစာပိုဒ်မှ အဓိကဇာတ်ကောင်၏ စရိုက်နှင့် ၎င်း၏ခံစားချက်များအပေါ် သင်နားလည်ပုံ ဆွေးနွေးပါ။

(ခ)	စာပိုဒ်ပါအခြေအနေကို စာရေးဆရာက သင်္ကေတများနှင့်ထိရောက်စွာ သရုပ်ဖော်ထားပုံကို ဆွေးနွေးပါ။

**2.**

## မြို့သစ်အလွမ်း

အဲဒီတုန်းက မြို့သစ်မှာ
မိုးတွေ မကြာခဏ ရွာချတယ်။

နေသာတုန်းက
အတွန်ကောင်းတဲ့ ကြက်ဖဟာ
မိုးရွာမှ
မိုးခြိမ်းသံကို ကျိန်ဆဲရင်း
မိုးလွတ်ရာ ထွက်ပြေးသွားလေရဲ့။

ဩော်
မိုးတွေကလည်း ရွာနေဆဲ
ကန်စွန်းရွက်တွေလည်း စိမ်းနေဆဲ
"ငါတို့မှာ အရက်သောက်ဖို့ ပါးစပ်ပါတယ် ကိုယ့်လူရေ" လို့
ပြည်ထောင်စုတံတားကြီးကို
အင်ဂျင်အဟောင်းကြီးနဲ့ ဖြတ်စီးလာကြသူ
ငါ့ချစ်မိတ်ဆွေများ
ငါ့အိမ်တံခါးဝ လာရပ်တယ်။

ရေစိုနေတဲ့ ဂျာကင်အောက်မှာ
ငွေလိုနေတဲ့ ခန္ဓာကို မြင်ရတယ်။

ဒါနဲ့
သူတို့ပခုံးကို အသာပုတ်
အိတ်ထဲက ခြသေ့ံရုပ်ကိုဆွဲထုတ်ရင်း
ခင်ဗျားတို့ရဲ့ သွေးထွက်များတဲ့ဘဝကို အသာထား
ဒါဟာ ငမိုးရိပ်ချောင်းနဲ့ ချက်တဲ့ရေ
လိုနေတာ ဒါပဲ မဟုတ်လား။

ငှက်တွေလို
အတောင်ပံတစ်စုံကလွဲရင်
ငါ့မှာ အပိုပစ္စည်း မရှိဘူး။

ငါးတွေလို
ပါးဟက်တစ်စုံကလွဲရင်
သူတို့မှာ ဘာအပိုပစ္စည်းမှ မရှိဘူး။

တစ်ယောက်က တစ်ယောက်ကို ဝေ်ခဲ့တာ
သဘာဝကျကျ စဉ်းစားရင်
ငါတို့က လူနည်းစုပဲ။



https://xtremepape.rs/

သမ္မတရွေးကောက်ပွဲဖြစ်ဖြစ်
ရော့(ခ်) ဂီတ ပဒေသာဖြစ်ဖြစ်
ဒေသန္တ ရ စစ်ပွဲဖြစ်ဖြစ်
တစ်ခုခုတော့ ဖြစ်ပေါ်နေကျ ကမ္ဘာကြီးမှာ
အသန့်ရှင်းဆုံးအသံက ဘာလဲ။

ငြိမ်းချမ်းရေးအကြောင်း မပြောဘဲနဲ့
ငြိမ်းချမ်းချင်တယ်။
တရားအကြောင်း မပြောဘဲနဲ့
တရားချင်တယ်။

မိတ်ဆွေတို့ခင်ဗျား
ငွေကြေးစည်းစိမ်နဲ့ တဏှာမရှုးခဲ့လို့
ခင်ဗျားတို့ကို ကျေးဇူးတင်တတ်။

လူဖြစ်ခဲ့တာ ဒုလ္လဘလို့
လူဖြစ်ခဲ့ပြီထင်တဲ့သူက ပြောရဲ့
ပေးဆပ်ခြင်းပါလို့
အပိုင်ကြံခဲ့သူကပြောရဲ့
ကယ်တင်ခဲ့တယ်လို့
ဖျက်ဆီးခဲ့သူကပြောရဲ့။

အသံထွက်တွေမမှန်သရွေ့
ကျွန်တော်တို့ ထပ်ပြီးတွေ့ကြသေးတာပေ့ါ။
ဖွင့်ကြစို့
မြို့သစ်ပုလင်းကို ဖွင့်ကြစို့။
ရယ်မောနေတဲ့ မျက်ရည်များ
မိုးရေထဲ စို ရွှဲခဲ့ပေ့ါ။

မိုးဃ်းဇော်၊ *မြို့သစ်အလွမ်း၊* (၂၀၁၁)

(က) မြို့သစ်တွင်နေထိုင်သူများ၏အခြေအနေကို ကဗျာအရ သင်နားလည်ပုံကို ဆွေးနွေးပါ။

(ခ) ဤကဗျာပါ ပုံရိပ်များနှင့် ၄င်းပုံရိပ်များက ကဗျာတစ်ပုဒ်လုံးအား သင်နားလည်ရန် မည်သို့အထောက်အကူပြုသည်ကို ဆွေးနွေးပါ။



https://xtremepape.rs/